# ချင်းအမျိုးသားတပ်ဦး၏
# ပထမအကြိမ် အရေးပေါ်ပါတီညီလာခံ ထုတ်ပြန်ချက်

ချင်းအမျိုးသားတပ်ဦး၏ ပထမအကြိမ် အရေးပေါ်ပါတီညီလာခံကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၁၂) ရက်နေ့မှ (၁၆) ရက်အထိ အိန္ဒိယ - မြန်မာနယ်စပ် တနေရာတွင် ကျင်းပရာ၊ ပြည်တွင်း ပြည်ပမှ ချင်းအမျိုးသားတပ်ဦးပါတီ ကိုယ်စားလှယ်များ၊ ချင်းအမျိုးသားတပ်မတော် ကိုယ်စားလှယ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ တတ်သိပညာရှင်များ၊ အထူးဖိတ်ကြား ထားသူများ၊ တက္ကသိုလ်ကျောင်းသူ/ကျောင်းသားများနှင့် လေ့လာသူများ စုစုပေါင်း ကိုယ်စားလှယ် (၁၅၃) ဦးတက်ရောက် ခဲ့ကြပါသည်။

ချင်းအမျိုးသားတပ်ဦး၏ ဦးတည်ချက်များဖြစ်သည့် ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဌာန်းခွင့်ပြန် လည်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီစနစ် ထွန်းကားရေး အတွက် လက်နက်ကိုင်လမ်းစဉ်အပါအဝင် အခြားနည်းလမ်းပေါင်းစုံဖြင့် တိုက်ပွဲဝင်ရာ၌၊ မျိုးနွယ်စုံ၊ ဒေသစုံ၊ အလွှာပေါင်းစုံမှ ချင်းအမျိုးသားများအားလုံး အမျိုးသားတော်လှန်ရေးတွင် အင်တိုက်အား တိုက်ပါ ဝင်ဆင်နွှဲနိုင်ရေးတို့အား ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

၎င်းအပြင် ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော် အင်အားပိုမိုတောင့်တင်း ခိုင်မာလာရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရ တို့ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးပဏာမတွေ့ဆုံ ဆွေးနွေးမည့်ကိစ္စ၊ ချင်းအမျိုးသားတပ်ဦး ဦးဆောင်ဖွဲ့စည်းမှု ပုံသဏ္ဍာန်ပြင်ဆင်မှုအပြင်၊ ပဥ္စမအကြိမ်ပါတီညီလာခံ သက်တမ်းအတွင်း ချင်းအမျိုးသားတပ်ဦးအား ဦးဆောင်မည့်ခေါင်းဆောင်များကို ရွေးချယ်ခြင်းများပြုလုပ် ခဲ့ကြ သည်။

ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ဟားခါးမြို့ တွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၅-၆ ရက်တို့တွင် ပဏာမအဆင့် ဆွေးနွေးရန် စတ္တုတ္ထ အကြိမ်ပါတီညီလာခံသက်တန်း ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အား အရေးပေါ်ညီလာခံ ကိုယ်စားလှယ်အားလုံးက ထောက်ခံအတည်ပြုပေးသည်။ ၎င်းအပြင် ထာဝရတည်တံ့သည့်

Chin National Front – General Headquarters, Chinland

ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားပေါင်းစုံ ပါဝင်သည့် ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိုလည်း အရေးပေါ် ညီလာခံက တခဲနက် တောင်းဆိုသည်။

မျိုးနွယ်စုံ၊ ဒေသစုံ၊ အလွှာပေါင်းစုံ ချင်းအမျိုးသားတော်လှန်ရေးတွင် ပါဝင်နိုင်ရေးချင်းအမျိုးသားတပ်ဦး၏ ဦးဆောင်ဖွဲ့စည်းမှု ပုံသဏ္ဍာန်ပြုပြင် ပြောင်းလဲရာတွင် အရေးပေါ် ညီလာခံက (၅၅) ဦးပါဝင်မည့် ဗဟိုကော်မီတီကို ဖွဲ့စည်းလိုက်သည်။ အဆိုပါ ဗဟိုကော်မတီဝင်များထဲမှ (၁၄) ဦးပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်၊ ဗဟိုအလုပ် အမှုဆောင်ကော်မတီ၏ လုပ်ငန်းအကောင် အထည်ဖော်ဆောင်မှုကို ကြီးကြပ်ကွပ်ကဲမည့် အဖွဲ့ဝင် (၂၁) ဦးပါဝင်သည့် ချင်းအမျိုးသားတပ်ဦး၏ အဓိပတိကောင်စီ (The Supreme Council) ကိုလည်းဖွဲ့စည်းလိုက်သည်။

ဤအရေးပေါ်ညီလာခံက လာမည့် ညီလာခံသက်တမ်းအတွင်း ချင်းအမျိုးသားတပ်ဦး၏ အဓိပတိကောင်စီ (The Supreme Council) ပထမနစ် အလှည့်ကျ ဥက္ကဋ္ဌ အဖြစ် Dr. Za Hlei Thang ဒုတိယနစ် အလှည့်ကျ ဥက္ကဋ္ဌအဖြစ် Pu Lian Uk, တတိယနစ် အလှည့်ကျ ဥက္ကဋ္ဌအဖြစ် Salai Kipp Kho Lian, နှင့် စတ္တုတနစ် အလှည့်ကျ ဥက္ကဋ္ဌအဖြစ် Pu Thang Nang Lian Thang တို့အား ရွေးချယ်ထားသည်။

ချင်းအမျိုးသားတပ်ဦး၏ လာမည့်ညီလာခံ သက်တမ်းအတွင်း အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် Pu Zing Cung  လက်ထောက် အထွေထွေ အတွင်းရေးမှူးချုပ်များ အဖြစ်၊ Pu Paul Si Tha, Dr. Sui Khar ၊ Pu Khua Uk Lian တို့နှင့် ဗဟိုကော်မတီဝင် (၄၇) ဦးကို ညီလာခံက ရွေးချယ်ခဲ့ကြောင်း ထုတ်ပြန်ကျေညာလိုက်သည်။

**အရေးပေါ် ပါတီညီလာခံ**
**ချင်းအမျိုးသားတပ်ဦး**
**ရက်စွဲ၊ ၂၀၁၁ခုနှစ် ဒီဇင်ဘာလ (၁၆) ရက်နေ့**

Media Contact Person:
Dr. Salai Andrew Ngun Cung Lian
Tel: 91-9612897923

Chin National Front – General Headquarters, Chinland